

# အီဂျစ်စစ်အာဏာရှင်နဲ့ ယှဉ်ပြိုင်မယ့် ထောင်ထွက် အတိုက်အခံခေါင်းဆောင် ‘အိုင်မန်နူဝါ’ နှင့် နယူးစ်ဝိခ်မဂ္ဂဇင်း အင်တာဗျူး

**ဇင်လင်း မြန်မာပြန်သည်**

အီဂျစ်နိုင်ငံသည် သမ္မတရွေးကောက်ပွဲတရပ်ကျင်းပရန် အဆင်သင့်ဖြစ်နေပြီဟု ဆိုပေသည်။ အီဂျစ်နိုင်ငံသမိုင်းတွင် ပထမဦးဆုံးဟုဆိုရမည့် သမ္မတလောင်း (၂) ဦး ယှဉ်ပြိုင်အရွေးခံမည့် ရွေးကောက်ပွဲဖြစ်သည်။ ဤသို့ ယှဉ်ပြိုင်ရွေးချယ်ခွင့်ပြုရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ထားသည်ဟုဆိုသည်။ ယင်းအခြေခံဥပဒေ ပြင်ဆင်ချက်အရ လက်ရှိသမ္မတ ‘ဟိုစ်နီမူဘာရတ်’ အား ယှဉ်ပြိုင်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများကို ခွင့်ပြုထားပေသည်။

လွန်ခဲ့သည့် (၂၄) နှစ်တာကာလ အတောအတွင်း သမ္မတအဖြစ် စိုးမိုးခဲ့သူ ‘ဟိုစ်နီမူဘာရတ်’ (Hosni Mubarak) သည် လွတ်လပ်၍ တရားမျှတသော မဲဆန္ဒပေးပွဲများ ပေါ်ပေါက်မလာနိုင်ရန် ပိတ်ပင်ဟန့်တားမှုများ ပြုလုပ်ခဲ့သည်ဟု အတိုက်အခံခေါင်းဆောင်များက စွပ်စွဲထားကြသည်။ ‘မူဘာရတ်’ အား အဓိကစိန်ခေါ်သူမှာ ပါလီမန် လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သူ ‘အိုင်မန်နူဝါ’ (Ayman Nour) ဖြစ်သည်။ သူသည် Gahd (Tomorrow) Party ၏ ခေါင်းဆောင်လည်းဖြစ်သည်။ ယခုနှစ်ဆန်း ဇန္နဝါရီလက ‘အိုင်မန်နူဝါ’ သည် အကျဉ်းထောင်တွင် အချုပ်အနှောင် ခံခဲ့ရသည်။ ရွေးကောက်ပွဲလျှောက်လွှာ တင်သွင်းရာတွင် ပါဝင်လက်မှတ်ရေးထိုးထားသူများ၏ လက်မှတ်အချို့မှာ ‘လက်မှတ်အတုများ’ ဖြစ်သည်ဟု စွပ်စွဲခံရကာ ‘အိုင်မန်နူဝါ’ ဖမ်းဆီးချုပ်နှောင် ခံခဲ့ရခြင်းဖြစ်သည်။ ‘အိုင်မန်နူဝါ’ ကို ဖမ်းဆီးထားခြင်းနှင့်စပ်လျဉ်း၍ အီဂျစ်၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမည့် အလားအလာကို ထိခိုက်နိုင်သဖြင့် အမေရိကန်ပြည်ထောင်စုက စိုးရိမ်မကင်းဖြစ်ရကြောင်း ပြောဆိုခဲ့သည်။ မကြာသေးမီက သူ့အမှုကို ရွေးကောက်ပွဲပြီးစီးမည့် စက်တင်ဘာအထိ ရက်ရွှေ့ဆိုင်းထားရန် တရားရုံးကဆုံးဖြတ်၍ အာမခံငွေ အီဂျစ်ပေါင်ငွေတသောင်း (ဒေါ်လာ ၁,၇၂၄) ဖြင့် လွှတ်ပေးခဲ့သည်။ ‘အိုင်မန်နူဝါ’ ကိုလည်း ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ဆောင်ရွက်ရန်ရှိသည်တို့ကို ဆောင်ရွက်ခွင့်ပေးထားခဲ့သည်။

သို့သော် လက်ရှိသမ္မတ ‘ဟိုစ်နီမူဘာရတ်’ အား ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ်လောင်းဖြစ်သူ ‘အိုင်မန်နူဝါ’ သည် ရွေးကောက်ပွဲ နှောင့်နှေးကြန့်ကြာနေခြင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်နေရလေသည်။ ‘အိုင်မန်နူဝါ’ အား ကိုင်ရိုမြို့ရှိ သူ၏နေအိမ်တွင် နယူးစ်ဝိခ်မဂ္ဂဇင်း သတင်းထောက် ‘ဒန်အက်ဖ်ရွန်’ (Dan Ephron) က တွေ့ဆုံမေးမြန်းထားပုံကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဒန်အက်ဖ်ရွန်** – တရားရုံးဆုံးဖြတ်ချက်က ဘာတွေများ မှားယွင်းချွတ်ချော်နေပါသလဲ။

**အိုင်မန်နူဝါ** – တရားရုံးက ကျနော်တို့ကို စွဲချက်တင်ထားတယ်လေ။ ကျနော်တို့လည်းပင်းကို ကြိုးကွင်းစွပ်ပြီးမှ ရွေးကောက်ပွဲဝင်ခိုင်းတဲ့သဘောပေ့ါ။ ဒါပေမယ့် ကျနော်ပြောရပါတယ်၊ ကျနော် အပြစ်ကနေ ကွင်းလုံးကျွတ်လွတ်စေရမယ်။ ဒါကြောင့် ရွေးကောက်ပွဲမတိုင်မီ ကျနော့်မှာ အပြစ်မရှိ

ကြောင်း သက်သေပြနိုင်အောင် ကျနော်လုပ်ချင်ပါတယ်။ ဒီအမှုမပြီးပြတ်သရွေ့ အာဏာပိုင်အဖွဲ့အစည်းက ကျနော့်ကို ထိုးနှက်တိုက်ခိုက်ဖို့ အခွင့်အရေးရနေမှာဖြစ်တယ်။ သူတို့ထိန်းချုပ်ထားတဲ့ မီဒီယာတွေကတဆင့် ကျနော့်အပေါ် အခြေအမြစ်မရှိတဲ့စွဲချက်တွေ တင်နေမှာဖြစ်တယ်။ ဒီစွဲချက်တွေက ကျနော့်ဂုဏ်သိက္ခာကို ဖျက်လိုဖျက်ဆီးလုပ်ဖို့ပါပဲ။ စွဲချက်တွေကို မဖြေရှင်းဘဲ နေလို့မရအောင် ဖိအားတွေပေးလာမှာလည်းဖြစ်တယ်။ အဲဒီအခါ ဒီစွဲချက်တွေကိုဖြေရှင်းဖို့ ကျနော့်အချိန်တဝက်လောက်ကို ပေးရတော့မယ်။ ဒီတော့ လက်ရှိအစိုးရရဲ့ (၂၄) နှစ်တာကာလ အကျင့်ပျက်လာဘ်စားမှုနဲ့ အာဏာအလွဲသုံးမှုကိစ္စတွေကို ဖွင့်ချပြောဆိုဖို့ အချိန်နည်းသွားတာပေ့ါ။

**ဒန်** – လက်မှတ်တွေကို နည်းလမ်းတကျ စုဆောင်းရယူခဲ့တာ မဟုတ်တဲ့အတွက် ဥပဒေကြောင်းအရ သက်ံမကင်းလို့ ဒီအမှုကို စွဲတင်ခဲ့တာမဟုတ်ဘူးလို့ ခင်ဗျားဆိုလိုပါသလား။ နိုင်ငံရေးအကြောင်းခံကြောင့် ဒီအမှုကို စွဲတင်တာလို့ထင်တယ်ဆိုရင် ခင်ဗျားမှာ ဘယ်လိုသက်သေအထောက်အထားတွေများ ရှိပါသလဲ။

**အိုင်မန်** – ဒီစွဲချက်တွေ တင်တဲ့နေရာမှာ ကျနော့်တယောက်တည်းကိုပဲကွက်ပြီး စွဲတင်ခဲ့တာပါ။ အကြောင်းကတော့ လက်ရှိသမ္မတ 'ဟို့စ်နီမူဘာရတ်' ကို ယှဉ်ပြိုင်အရွေးခံဖို့ ကျနော်ကြေညာခဲ့လို့ ဖြစ်ပါတယ်။ ဒီအကြောင်းကို အီဂျစ်တပြည်လုံး သိကြပါတယ်။

**ဒန်** – ခင်ဗျားအမှုကို ဘယ်ပုံဘယ်နည်း ကိုင်တွယ်ရမယ်၊ ဘယ်လိုစီရင်ချက်ချရမယ်ဆိုတာကို သမ္မတ မူဘာရတ်ကိုယ်တိုင် ညွှန်ကြားခဲ့တယ်လို့ ခင်ဗျားပြောနေတာလား။

**အိုင်မန်** – ညွှန်ကြားသူက သမ္မတမူဘာရတ်ရဲ့ဇနီး ဖြစ်ချင်လည်းဖြစ်မယ်၊ သူ့သား ဖြစ်ချင်လည်းဖြစ်မယ်၊ သူ့အနားမှာ ဝန်းရံနေတဲ့ အာဏာမစွန့်ချင်တဲ့ လူစုထဲကရင်လည်းဖြစ်မယ်။ သမ္မတကိုယ်တိုင်လည်းပဲ ဖြစ်နိုင်တာပဲလို့ ပြောရမှာပဲ။

**ဒန်** – ခင်ဗျား ဘာကြောင့် ရွေးကောက်ပွဲမှာ ဝင်ပြိုင်ချင်ရတာလဲ။

**အိုင်မန်** – (၂၄) နှစ်လုံးလုံး စစ်အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့လို့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍအသီးသီးမှာ ရစရာမရှိအောင် ပျက်စီးသွားခဲ့ပါပြီ။ ဒါကြောင့် အီဂျစ်နိုင်ငံကို ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ ကျနော်တို့ လိုအပ်နေပါတယ်။ ကျနော်တို့ လူ့အဖွဲ့အစည်းအတွင်းမှာ ကျနော်တို့မျိုးဆက်က ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးပိုင်ခွင့်မရရှိဘူး ဖြစ်နေတယ်။ လက်ရှိအစိုးရက အရာရာကို လက်ဝါးကြီးအုပ် ချယ်လှယ်နေတဲ့စနစ်ကို ကျနော်တို့ ဖျက်သိမ်းပစ်ချင်တယ်။

**ဒန်** – ဟုတ်ပါပြီ။ လက်ရှိအုပ်ချုပ်ရေးဟာ စစ်အုပ်ချုပ်ရေးပဲဆိုပါတော့။ ဒါပေမယ့် ဒီ (၂၄) နှစ်အတွင်းမှာ အထိုက်အလျောက်တော့ နိုင်ငံဟာ တည်ငြိမ်နေတာပဲလို့ အငြင်းပွားစရာရှိနေပါတယ်။

**အိုင်မန်** – ဒါကို တည်ငြိမ်တယ်လို့ မပြောနိုင်ပါဘူး။ ဖိနှိပ်ချုပ်နှိမ်ထားမှုလို့ ပြောရမှာပါ။ တချိန်လုံး ဖိနှိပ်စိုးမိုးမှုခံနေရတဲ့ အခြေအနေမျိုးပါ။ တနည်းပြောရရင် သူတို့က အီဂျစ်နိုင်ငံကို ရေခဲသေတ္တာထဲထည့်ပြီး အေးခဲထားတာမျိုးဖြစ်ပါတယ်။

**ဒန်** – အီဂျစ်နဲ့ အရှေ့အလယ်ပိုင်း တနေရာရာမှာ စစ်မှန်တဲ့ဒီမိုကရေစီ ထွန်းကားလာမယ်ဆိုရင် အစ္စလမ် အစွန်းရောက်အုပ်စုတွေ အာဏာရဖို့ အခွင့်အရေးပေးသလို ဖြစ်လာလိမ့်မယ်လို့ လူတချို့က စိုးရိမ်နေပါတယ်။ အဲဒီလိုဖြစ်နိုင်ချေရှိတယ်လို့ ထင်ပါသလား။

**အိုင်မန်** – ဒါ အကြီးစားလိမ်လည်မှုတခုပါ။ 'ဒီမိုကရေစီ' ကို 'နိုင်ငံရေးမတည်ငြိမ်မှု' နဲ့ ဆက်စပ်ပစ်လိုက်တဲ့သဘော ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး နိုင်ငံရေးတည်ငြိမ်မှုရှိတဲ့ နိုင်ငံတွေ ကမ္ဘာပေါ်မှာ အများအပြားရှိပါတယ်။ ကျနော်တို့နိုင်ငံလို အာဏာရှင်စနစ်ကျင့်သုံးတဲ့

နိုင်ငံတွေက ဒီလိုခြိမ်းခြောက်မှုမျိုး လုပ်တတ်ပါတယ်။ ဒီမိုကရေစီရရှိလာရင် အစ္စလမ် အစွန်းရောက်တွေ ခေါင်းထောင်လာလိမ့်မယ် ဆိုတာမျိုးပေါ့။ ဒါမျိုးနဲ့ အနောက်နိုင်ငံတွေကို ကြောက်အောင် ခြောက်တာပါ။ ဒီမိုကရေစီ ရရှိလာခဲ့မယ်ဆိုရင် အီဂျစ်မှာ အစ္စလမ်အစွန်းရောက်တွေ ခေါင်းထောင်လာနိုင်စရာ မရှိပါဘူး။

**ဒန်** – ခင်ဗျားဟာ လွတ်လပ်ပွင့်လင်းတဲ့ ကိုယ်စားလှယ်လောင်းတယောက် ဖြစ်တာတော့ မှန်ပါတယ်။ ဒါပေမယ့် လူတိုင်းပါဝင်ခွင့်ရှိတဲ့ နိုင်ငံရေးစနစ်မျိုးကို ခင်ဗျားက ကိုယ်စားပြုပြောဆိုနေတာ တွေ့ရပါတယ်။ ဒီလိုဆိုရင် အစ္စလမ်ဘာသာရေးခေါင်းဆောင်တွေက ခင်ဗျားကို ထောက်ခံလာမယ့်အခြေအနေ ရှိနိုင်ပါ့မလား။

**အိုင်မန်** – လူတိုင်းပါဝင်ခွင့်ရှိတဲ့ နိုင်ငံရေးစနစ်မျိုး ရရှိရေးဆိုတာ ကျနော်ပါးချင်တဲ့ ‘သတင်းစကား’ ပါပဲ။ ဒါကို အစ္စလမ်ခေါင်းဆောင်တွေလည်း လက်ခံနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ကျနော်တို့နဲ့ သူတို့ကြားမှာ အကျိုးတူပူးပေါင်းဆောင်ရွက်စရာ ဘာတခုမှ မရှိပါဘူး။ ဒါ့အပြင် သူတို့နဲ့လည်း မဟာမိတ်ဖွဲ့မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျနော်တို့ အီဂျစ်နိုင်ငံသားတိုင်းကိုတော့ ရသင့်တဲ့အခွင့်အရေးတွေ ပေးသွားမှာဖြစ်ပါတယ်။ သူတို့လည်းပဲ ဒီအခွင့်အရေး အကျိုးအမြတ်တွေကို ခံစားကြရမှာပါ။

**ဒန်** – အရှေ့အလယ်ပိုင်းမှာ ဒီမိုကရေစီ ပြန့်ပွားရေးအတွက် အမေရိကန်ရဲ့ ကြိုးပမ်းအားထုတ်မှုတွေအပေါ် ခင်ဗျား ဘယ်လိုထင်မြင်ပါသလဲ။

**အိုင်မန်** – အမေရိကန်က ဒီမိုကရေစီပြန့်ပွားအောင်လုပ်ပေးနေတာ ကောင်းတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် အာဏာရှင်စနစ်ရဲ့အောက်မှာ အာရပ်ပြည်သူ သန်းပေါင်းများစွာ မတရားဖိနှိပ်ခံနေရပါတယ်။ အဲဒီအာဏာရှင်စနစ်ကို အထောက်အပံ့ပေးခဲ့တာ၊ အခုလည်း ဆက်ပြီးပေးနေတာ အမေရိကန်ပဲလို့ ကျနော်ယုံကြည်ပါတယ်။

**ဒန်** – သမ္မတ ‘မူဘာရတ်’ နဲ့ပတ်သက်လို့ အမေရိကန်ပြည်ထောင်စုက ဘယ်လိုဆောင်ရွက်ပေးတာမျိုးကို ခင်ဗျား မျှော်လင့်ပါသလဲ။

**အိုင်မန်** – ကျနော်တို့က ဘက်နှစ်ဘက်ကြားမှာညပ်နေတဲ့ ‘သားကောင်’ လို ဖြစ်နေတယ်။ ဒီဒေသမှာ သူ့ဩဇာ ရေရှည်လွှမ်းမိုးနိုင်ဖို့အတွက် အမေရိကန်က ကျနော်တို့ကို အတင်းအကျပ် ‘အာဏာရှင်စနစ်’ ကို လက်ခံခိုင်းနေတယ်။ ဒီဒေသမှာရှိတဲ့ အာဏာရှင်ခေါင်းဆောင်တွေကကျပြန်တော့ သူတို့အာဏာတည်မြဲရေးအတွက် လူထုကို ‘အမေရိကန်ဆန့်ကျင်ရေး’ စိတ်ဓာတ်တွေ လှုံ့ဆော်ပေးနေတယ်။

**ဒန်** – တကယ်လို့ ခင်ဗျားသာ သမ္မတဖြစ်လာမယ်ဆိုရင် ပထမဦးဆုံးဆောင်ရွက်ချင်တဲ့ ကိစ္စတချို့ကို သိပါရစေ။

**အိုင်မန်** – အရေးပေါ်အက်ဥပဒေပုဒ်မတွေကို ဖျက်သိမ်းမယ်။ ကျနော့်အနေနဲ့ သမ္မတတာဝန်ကို (၂) နှစ်ပဲ ဆောင်ရွက်မှာဖြစ်ကြောင်း ကြေညာမယ်။ အမျိုးသားကောင်စီတရပ် ဖွဲ့စည်းပြီး အခြေခံဥပဒေအသစ်တရပ် ရေးဆွဲမယ်။ ‘ပါလီမန်သမ္မတနိုင်ငံတော်’ ထူထောင်ရေးကို အခြေခံတဲ့ ဖွဲ့စည်းပုံ ရေးဆွဲမှာဖြစ်တယ်။ နိုင်ငံရေးပါတီတွေအတွက်တံခါး အပြည့်အဝဖွင့်ပေးမယ်။ အီဂျစ်နိုင်ငံရဲ့ အရေးကိစ္စနဲ့ မပတ်သက်တဲ့ ပြဿနာတွေကို ကျနော့်အနေနဲ့ လုံးဝ ပြောဆိုဆွေးနွေးမှာ မဟုတ်ဘူး။ အခု အီရတ်ကိစ္စ၊ ပါလက်စတိုင်းကိစ္စတွေနဲ့ ကျနော်တို့ရဲ့အချိန် (၇၅) ရာခိုင်နှုန်း ကုန်နေရတယ်။ ကျနော်တို့ ပိုပြီးစိတ်ဝင်စားတာက အီဂျစ်နိုင်ငံနဲ့ အိမ်နီးချင်း ဆူဒန်နိုင်ငံတို့ရဲ့ အရေးကိစ္စတွေဖြစ်ပါတယ်။ ပြီးတော့ ကုန်ထုတ်လုပ်မှု တိုးတက်ရေးကိစ္စ၊ စစ်အာဏာရှင်စနစ်ကို အရပ်ဖက်အစိုးရတရပ်က အာဏာဆက်ခံရေးကိစ္စ၊ အီဂျစ်နိုင်ငံ၊ အီဂျစ်လူမျိုးတွေအပေါ် နိုင်ငံတကာရဲ့

ယုံကြည်အသိအမှတ်ပြုမှု ပိုမိုရရှိလာအောင် ကြိုးပမ်းရေးကိစ္စမျိုးတွေကို ကျနော်တို့ ပိုပြီး စိတ်ဝင်စားတယ်လို့ ပြောချင်ပါတယ်။ ■

Reference: "The last Word Ayman Nour: **Out of prison, In the Race**" from Newsweek Magazine July 25 - August 1, 2005 ကို

'ဇင်လင်း' ဆီလျော်အောင် ဘာသာပြန်သည်။